# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# သစ်တောဦးစီးဌာန
# တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်းစီမံကိန်း၊ စီမံကိန်းဒါရိုက်တာရုံး
# ရုံးအမှတ်(၃၉)၊ နေပြည်တော်

## ပျိုးဥ ယျာဉ်လုပ်သားနေရာအတွက် အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သစ်တောဦးစီးဌာန၊ တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်းတွင် စီမံကိန်းကာလအတွင်း လစ်လပ်လျှက်ရှိသော အောက်ဖော်ပြပါ ပျိုးဥ ယျာဉ်လုပ်သားနေရာအတွက် သတ်မှတ်အရည် အချင်းများနှင့် ကိုက်ညီသောသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် အသက်(၁၈)နှစ် ပြည့်ပြီးသူနှင့် အသက်(၄၀)နှစ် မကျော်လွန်သူဖြစ်ရပါမည်။

(ဂ) အခြေခံပညာအလယ်တန်းအဆင့်ရှိသူဖြစ်ရပါမည်။ အစိုးရဝန်ထမ်းမဟုတ်သူဖြစ်ရပါမည်။

(ဃ) ယုံကြည်စိတ်ချရသောသူဖြစ်ရမည်။

(င) သစ်တောပြုစုပျိုးထောင်ခြင်းလုပ်ငန်းကို စိတ်ဝင်စားသူဖြစ်ရမည်။

(စ) အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရပါမည်။

(ဆ) ကျန်းမာရေးကောင်းမွန်ပြီး သွက်လက်ဖြတ်လက်၍ အမိန့်နာခံပြီးတာဝန်ကိုကျေပွန်စွာထမ်းဆောင်လိုသူဖြစ်ရပါမည်။

(ဇ) သစ်တောဦးစီးဌာန၊ တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်းစီမံကိန်းမှ သတ်မှတ်ထားသောစည်းကမ်း ချက်များနှင့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရပါမည်။

၂။ လျှောက်ထားလိုသူသည် အောက်ဖော်ပြပါ အချက်အလက်များဖြင့် ပြည့်စုံစွာ လျှောက် ထားရမည်-

(က) ကိုယ်ရေးမှတ်တမ်း

(ခ) ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ကျေးရွာ/ရပ်ကွက်တွင် နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံချက်

(ဂ) သက်ဆိုင်ရာရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်

(ဃ) အိမ်ထောင်စုစာရင်းမိတ္တူ

၃။ တာဝန်ထမ်းဆောင်ရမည့်နေရာ - သစ်တောဦးစီးဌာန၊ တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်း စီမံကိန်း ၊ဥ ယျာဉ်အုပ်ချုပ်ရေးမှူးရုံး၊ ရေဖြူမြို့နယ်။

၄။ လစာ - ၃၃၅,၀၄၀/- ကျပ်

၅။ လျှောက်လွှာနှင့်အတူ ကိုယ်ရေးရာဇဝင်အသေးစိတ်အချက်အလက်များနှင့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာမှ ထောက်ခံချက်တို့ကို **၂၀၂၆ ခုနှစ်၊ မေလ (၂၅) ရက်နေ့ထက်နောက်မကျစေဘဲ "တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်းစီမံကိန်း၊ ဥယျာဉ်အုပ်ချုပ်ရေးမှူးရုံး၊ ရေဖြူမြို့နယ်၊ ကံပေါက်ဒေသသို့"** ရုံးချိန်အတွင်းလူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက **"တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်းစီမံကိန်း၊ စီမံကိန်းဒါရိုက်တာရုံး၊ ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးရုံးချုပ်၊ နေပြည်တော် (သို့မဟုတ်) ဥယျာဉ်အုပ်ချုပ်ရေးမှူးရုံး၊ ရေဖြူမြို့နယ်၊ ကံပေါက်ဒေသသို့"** လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီ ဖုန်းနံပါတ်- ၀၉ ၄၄၈ ၅၃၇ ၃၇၀၊ ၀၉ ၇၉၄ ၈၉၇ ၂၂၈ သို့ဖြစ်စေ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

စာအမှတ်၊ တနသရ(စီမံကိန်း/၀ထ/ ၆၀၆ /၂၀၂၆)
ရက်စွဲ ၊ ၂၀၂၆ ခုနှစ်၊ မေလ ( ၂၁ )ရက်

၂၁၊၅၊၂၀၂၆

(ဆန်းမြင့်ထွန်း)
စီမံကိန်းဒါရိုက်တာ
တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်းစီမံကိန်း

မိတ္တူကို
ရုံးလက်ခံ/မျှောစာတွဲ

**ပျိုးဥ ယျာဉ်လုပ်သား၏ လုပ်ငန်းတာဝန်များ (Terms of Reference - ToR) မှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-**

(က) အထက်လူကြီး၏ အမိန့်နှင့် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

(ခ) ပျိုးပင်များပြုစုပျိုးထောင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ဂ) လုပ်ငန်းတာဝန်များအား တက်ကြွစွာဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ဃ) လေ့လာဆည်းပူးချင်စိတ်ရှိသူဖြစ်ရမည်။

(င) ရုံးကိစ္စ၊ ဝန်ထမ်းတို့နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို မပေါက်ကြားအောင် ထိန်းသိမ်းနိုင်ရမည်။

(စ) တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်းစီမံကိန်းမှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာနိုင်သူ ဖြစ်ရမည်။

(ဆ) အလုပ်ရာထူးမှ နှုတ်ထွက်လိုပါက ဥယျာဉ်အုပ်ချုပ်ရေးမှူးထံသို့ အနည်းဆုံး(၁)လ ကြိုတင်အသိပေး၍ နှုတ်ထွက်ရမည်။